# ရသဝေါ်ကျေးရွာ
# ဘားအံမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရသဝေါ်ကျေးရွာ၊ ဘားအံမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)
၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ

**မာတိကာ**


မာတိကာ ၂

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ရသဝေါ ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဘားအံမြို့နယ် ၈

ရသဝေါ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန် ၉

**အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** **၁၀**

(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၀

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၂

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၂

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၅

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်
ကျသော ချိတ်ဆက်မှုများ ၂၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၀
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၂၉**

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

ဇယား ၃၁ ကျောင်းတက်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ

ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၇

**ကိုးကားစာရင်း** ၆၈

**အတိုကောက်စကားလုံးများ**

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

VDC ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဖေဖော်ဝါရီ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရသဝေါ်ကျေးရွာ
ဘားအံမြို့နယ်

### လှာကမြင်ကျေးရွာအုပ်စု၊ ရသဝေါ်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဘားအံမြို့နယ်



ရသဝေါ်ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရ မဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်း

နိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဉတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ရသဝေါ်ကျေးရွာသည် ကရင်ပြည်နယ်၊ဘားအံမြို့နယ်၊ လှာကမြင်ကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ ဘားအံမြို့၏ မြောက်ဘက်(၅)မိုင်ခွဲခန့် အကွာအဝေးတွင်တည်ရှိပြီး ဘားအံလေယာဉ်ကွင်း၏ အနီးတွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် တောင်ကလေးရွာ (ကော့ထော်ကျေးရွာအုပ်စု)၊ အရှေ့မြောက်ဘက်တွင် ကုတင်(၁၀၀)စစ်ဆေးရုံ၊ မြောက်ဘက်တွင် သာနုန်းရွာ၊ အနောက်ဘက်တွင် သံလွင်မြစ်လက်တက်နှင့် တောင်ဘက်တွင် လှာကမြင်ရွာတို့ တည်ရှိပါသည်။ မြေပြန့်ဒေသဖြစ်ပြီး ပျှမ်းမျှမိုးရေချိန်မှာ (၈၀)% ခန့်ရှိပါသည်။ နွေရာသီတွင် သောက်သုံးရေ ရှားပါးမှုပြဿနာကို နှစ်စဉ်နှစ်တိုင်း ခံစားနေရပါသည်။

### (ခ) သဘာဝသယံဇာတအရင်းအမြစ်များ

ရသဝေါ်ရွာ၏ အနောက်ဘက်ကပ်လျက်တွင် ရသဝေါ်အင်းရှိပါသည်။ အင်း၏ အနောက်ဘက်အနီးတွင် သံလွင်မြစ်လက်တက်ရှိပါသည်။ ယခင်က စိုက်ပျိုးမြေဧကများစွာရှိခဲ့သော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် ကွက်သစ်လူနေအိမ်များ တိုးချဲ့ထားကြသဖြင့် စိုက်ပျိုးမြေဧက မရှိသလောက်နည်းပါးသွားပါသည်။ စားကျက်မြေများတွင် တောင်ကလေးစက်မှုဇုန်များ တည်ဆောက်ထားခြင်းနှင့် နှစ်ရှည်ပင်များတိုးချဲ့စိုက်ပျိုးလာမှုကြောင့် စားကျက်မြေများ မရှိတော့ပါ။ ကျေးရွာတွင် သဘာဝတွင်းထွက်ပစ္စည်းများ မထွက်ရှိပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

စုစုပေါင်းလူဦးရေမှာ (၁၁၃၂)ယောက်ရှိပြီး အိမ်ခြေပေါင်း(၁၈၈)အိမ်ရှိပါသည်။ အိမ်ထောင်စုပေါင်း(၂၃၆)စုခန့်ရှိပါသည်။ ကျေးရွာတွင် ကရင်တိုင်းရင်းသားလူမျိုးများ နေထိုင်ကြသည်။ ကျေးရွာတွင် ခေတ်ပညာတတ်(ဘွဲ့ရ)လူငယ်များရှိသော်လည်း အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသောကြောင့် တစ်ဖက်နိုင်ငံသို့ အလုပ်သမားအဖြစ် အလုပ်လုပ်ကိုင်ကြရပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါလျှင် ကျေးရွာ၏ဝင်ငွေကို တစ်ဘက်တစ်လမ်းမှ ပိုမိုတိုးတက်လာစေနိုင်ပြီး မိမိနိုင်ငံအတွင်း ကျေးရွာအတွင်းမှာပင် မိသားစုများနှင့်အတူတကွ အလုပ်လုပ်ကိုင်နိုင်မည်ဟု ယူဆရပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာတွင် ဝင်ငွေနှင့်ထွက်ငွေ မမျှတမှုကြောင့် မပြေလည်သောအိမ်ထောင်စုများသည်ဟု သတ်မှတ်နိုင်ပါသည်။ သို့သော်ယခင်နှစ်များနှင့် နှိုင်းယှဉ်ကြည့်ပါက လူနေမှုအဆင့်အတန်း အနည်းငယ်မြင့်မားလာသည်ဟု သုံးသပ်နိုင်ပါသည်။ ဥပမာ-ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးများ တပ်ဆင်အသုံးပြုလာနိုင်ခြင်းနှင့် ဖက်မိုးအိမ်မှ သွပ်မိုးအိမ်အဖြစ် ပြောင်းလဲတိုးတက်လာပါသည်။ မိသားစုဝင်ငွေအများစုမှာ တစ်ဖက်နိုင်ငံမှ အလုပ်သွားရောက်လုပ်ကိုင်သော သားသမီးများထံမှ ပို့ငွေများကိုသာ မှီခိုကြရပါသည်။ လယ်ယာစိုက်ပျိုးရေးအနေနှင့် လယ်မြေများသည် သင့်တင့်သော မြေအမျိုးအစားများတွင်ပါဝင်ပြီး များသောအားဖြင့် ရေလိုက်ပတ္တလယ်များသာဖြစ်သည်။ ရေလုံလောက်မှုအခြေအနေပေါ်တွင် မူတည်သောကြောင့် စပါးထွက်နှုန်းကောင်းသည်ဟု မဆိုနိုင်ပါ။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းဖြင့် ရရှိလာသောဝင်ငွေကို မှီခိုနေရသော်လည်း ကျေးရွာတွင်းရာသီပေါ်လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများကို ဝမ်းစာဖူလုံမှုစစ်တမ်းကောက်ယူရာတွင် ၃လအောက် ဝမ်းစာဖူလုံမှုမှာ အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ တချို့အိမ်ထောင်စုများမှာ လယ်ယာပိုင်ဆိုင်ကြသော်လည်း ဝမ်းစာဖူလုံမှု မရှိသည်ကို တွေ့ရှိရပါသည်။ ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစု စောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို (၂)ဦးတို့ဖြစ်ကြသည်။

ကျွန်တော်တို့ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု မရှိပါ။ တောင်သူများအနေဖြင့် မိမိတို့၏ တစ်နိုင်တစ်ပိုင် ဒေသထွက်ကုန်များမှာ ဈေးကွက်မရှိခြင်း၊ ကုန်ဈေးနှုန်းကျဆင်းခြင်း၊ စားသုံးသူနည်းပါးခြင်းများကြောင့် ထိခိုက်လွယ်မှု အခြေအနေမှာ အမြင့်ဆုံးအဆင့်သို့ရောက်ရှိနေပါသည်။ မြေယာမဲ့လက်လုပ်လက်စား ကျပန်းသမားများမှာ အလုပ်အကိုင်များရှားပါးနေသဖြင့် အပြင် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေရသည့် လုပ်သားဦးရေမှာလည်း အများအပြားရှိနေပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျွန်တော်တို့ကျေးရွာတွင် ဂျပန်မှ ထောက်ပံ့လှူဒါန်းပေးထားသော ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ နိုင်ငံတော်မှ တာဝန်ပေးထားသော သားဖွားဆရာမ(၂)ဦးရှိပါသည်။ ကျွန်တော်တို့ရွာသည် မိဖုံကျေးရွာ ကျန်းမာရေးလက်အောက်တွင်ရှိပါသည်။ ဝန်ထမ်း(၂)ဦးသာရှိပြီး တာဝန်ယူဆောင်ရွက်ရသော ကျေးရွာပေါင်း(၅)ရွာရှိပါသည်။ အခြားရွာများသို့ တာဝန်ထမ်းဆောင်ချိန်တွင် ကျန်ရှိရွာများ၏ ကျန်းမာရေးဝန်ဆောင်မှု အခက်အခဲများရှိပါသည်။ ကျေးရွာရှိရွာသားများသည် တိုင်းရင်းဆေးပညာကိုသာ အများဆုံးအားထားကြပါသည်။ သို့သော် အစိုးရမှ

ပြုလုပ်သော ကျန်းမာရေးစီမံကိန်းအတိုင်း ကလေးသူငယ်တိုင်း ရာသီအလိုက် ကာကွယ်ဆေး ထိုးခြင်း/စားခြင်းများကို အထက်မှ ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်လျက် ရှိပါသည်။ ကူးစက်ရောဂါထူးထူးခြားခြားဖြစ်ခြင်းမရှိပါ။ ရာသီအလိုက်နေမကောင်းဖြစ်ပါက ရွာရှိဆေးပေးခန်း၊ တောင်ကလေး ကုတင်(၁၀၀)စစ်ဆေးရုံနှင့် ဘားအံပြည်သူ့ဆေးရုံသို့ သွားရောက် ကုသမှုခံယူနိုင်ပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်တို့ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ ယခင်နှစ်များထက် တိုးတက်ဖွံ့ဖြိုးလာ သည်ဟုဆိုနိုင်ပါသည်။ ယခုကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်း လွန်ကျောင်းအဖြစ် တိုးမြှင့်ခဲ့ပြီးဖြစ်ပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသား/သူများ သည်တောင်ကလေးအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ ကျောင်းနေ အရွယ်ကလေးများ အားလုံးလိုလိုပင် ပညာသင်ကြားကြပါသည်။ နိုင်ငံတော်မှ တာဝန်ချထား ပေးသော ဆရာ/မ ဝန်ထမ်းအင်အား လုံလောက်မှုမရှိပါ။ မူလတန်းအဆင့်မှ မူလွန်အဆင့်သို့ တိုးမြှင့် ခဲ့သော်လည်း ကျောင်းဆောင်နှင့် ဆရာအင်အား လိုအပ်ချက်ရှိပါသည်။ ကိုယ်ထူကိုယ်ထ မူကြို ကျောင်းရှိသော်လည်း မူကြိုဆရာမနှင့် မူကြိုကလေးများအတွက် သင်ထောက်ကူများ လုံလောက်စွာ ရှိမည်ဆိုပါက ပို၍ အဆင်ပြေနိုင်မည်ဟု ယူဆရပါသည်။ အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်၍ လူငယ်များနှင့် သင့်တော်သော အသက်မွေးဝမ်းကျောင်း ပညာရပ်များ လာရောက်ပို့ချ နည်းပြ ဖွင့်လှစ်ပေးမည်ဆိုပါက ကျေးရွာရှိလူငယ်များအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးသက်ရောက် နိုင်မည်ဟု ယူဆပါသည်။ ဥပမာ-စက်ပြင်သင်တန်း၊ လျှပ်စစ်မီးအခြေခံသင်တန်းများ ပို့ချပေးမည် ဆိုပါက ပို၍ အဆင်ပြေနိုင်မည်ဟု ယူဆရပါသည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် အမျိုးသား အမျိုးသမီး တန်းတူအခွင့်အရေး ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်ပါသည်။ ပညာရေးတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း သင်ကြားရာတွင် တန်းတူ အခွင့်အရေး ရရှိသော်လည်း အထက်တန်းပညာအောင်မြင်ပြီးလျှင် သက်ဆိုင်ရာ သက်မွေးဝမ်း ကျောင်းပညာရပ်များတွင်မူ အမျိုးသမီးများမှာ အမျိုးသားများထက် ရမှတ် ပိုမြင့်မှသာ သက်ဆိုင်ရာ ကျောင်းများကို တတ်ခွင့်ရရှိကြပါသည်။ လုပ်အားခမှာလည်း အမျိုးသားများက အမျိုးသမီးများ ထက်ပိုရကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါး နေပါသေးသည်။ ကျေးရွာလူမှုရေးအဖွဲ့အစည်းများတွင်မှာမူ အမျိုးသမီးပါဝင်မှု အတော်အသင့် ရှိပါသည်။ ကျေးရွာစီမံအုပ်ချုပ်မှုအပိုင်းတွင် အမျိုးသမီးများ တတ်ကြွစွာ ပါဝင်လာနိုင်ရန်အတွက် အမျိုးသမီးစွမ်းဆောင်ရည်သင်တန်းများ၊ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြင့် ကျေးရွာတွင် ကျား၊ မ တန်းတူအခွင့်အရေးများ ပိုမို ဖွံ့ဖြိုးလာပါမည်။

## ၄။ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၂)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၂)ဖွဲ့ တို့ရှိသည်။ ရွာရှိအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို မလစ်ဟင်းစေဘဲ စေတနာပါပါ အချိတ်အဆက်မိစွာ လုပ်ဆောင်ကြသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း အဖွဲ့ အစည်းဆိုင်ရာ စွမ်းဆောင်ရည်သင်တန်းများ ကျင်းပပေးပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုများ ယခုထက်ပိုမိုကောင်းမွန်လာမည်ဟု ယူဆမိပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ ပြင်ပအဖွဲ့ အစည်း(၁)ခုရှိပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုသာ အဓိက စိုက်ပျိုးပါသည်။ ကျေးရွာစိုက်ဧက စုစုပေါင်းစိုက်ဧက ၁၂၅ ရှိပါသည်။ မိုးရေဖြင့် စပါးကို တရာသီသာ စိုက်ပျိုးပါသည်။ စပါးအထွက်နှုန်းမှာ တဧကကို အများဆုံး တင်း(၄၀) ထွက်ရှိပါသည်။ မျိုးကောင်းမျိုးသန့်များ အချိန်မီမရရှိခြင်း၊ ဆင်းရဲနွမ်းပါး ဒေသဖြစ်၍ အချိန်မီထွန်ယက်နိုင်ခြင်းမရှိခြင်း၊ မြေဩဇာဝယ်ယူသုံးစွဲနိုင်မှု မရှိခြင်းများကြောင့် အဓိကသီးနှံထွက်ကုန်များ အထွက်နှုန်းကျဆင်းခြင်း ဖြစ်ပါသည်။ ငွေကြေးလုံလောက်မှု မရှိခြင်း၊ လုပ်သားရှားပါးမှုရှိခြင်း၊ နွေရာသီစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေမလုံလောက်ခြင်း၊ ဖျက်ပိုးနှင့် ရောဂါများကျခြင်း၊ ဈေးကွက်လက်လှမ်းမီမှုမရှိခြင်း၊ နည်းပညာများလိုအပ်ခြင်း၊ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲခြင်းများနှင့် ဖော်ပြပါအချက်များအား တောင်သူများအနေဖြင့် ဖြေရှင်းရန် အခက်အခဲများရှိနေပါသည်။

ကျွန်တော်တို့ကျေးရွာတွင် တောင်သူစာရင်းနှင့်ယှဉ်ကြည့်လျှင် စက်ကိရိယာပိုင်ဆိုင်မှု အားနည်းနေသည်ကို တွေ့ရပါသည်။ ပိုင်ဆိုင်မှုနည်းပါးရခြင်းမှာ ဝမ်းစာဖူလုံမှုမရှိခြင်း၊ ငွေကြေး လုံလောက်မှု မရှိခြင်းများကို တွေ့ရပါသည်။ လက်ရှိစက်ကိရိယာ အင်အားကို တောင်သူများ ငှားရမ်းထွန်ယက်ခြင်း၊ ခြွေလှေ့ခြင်းများ ပြုလုပ်ရပါသည်။

ကျေးရွာတွင် တပိုင်တနိုင် မွေးမြူရေးသာ လုပ်ကိုင်ပါသည်။ ရာသီအလိုက်ဖြစ်ပွား တတ်သောတိရစ္ဆာန်ရောဂါများ ရုံဖန်ရံခါ ကျရောက်တတ်သည်။ စီးပွားဖြစ် မွေးမြူလိုကြသော်လည်း ဒေသ၏ဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေးအနည်းငယ်ခက်ခဲမှု၊ နည်းပညာများလိုအပ်မှု ငွေကြေး အရင်းအနှီး ခက်ခဲမှုတို့ကြောင့် အောင်မြင်စွာမွေးမြူနိုင်ခြင်း မရှိသေးပါ။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများမှာ ကုန်စုံဆိုင်၊ အပ်ချုပ် ဆိုင်၊ လက်သမား၊ ပန်းရံ ၊ ဆိုင်ကယ်ကယ်ရီ၊ ပညာရေးဝန်ထမ်း နှင့် ထိုင်းနိုင်ငံသို့ သွားရောက် လုပ်ကိုင်သော အလုပ်အကိုင်များ ဖြစ်ပါသည်။ သို့သော် နေ့စဉ်ပုံမှန်ဝင်ငွေရ လုပ်ငန်းများ မရှိပါ။

ကျပန်းလုပ်သားများ၏ တနေ့လုပ်ခမှာ လုပ်သက်နှင့် အလုပ်အမျိုးအစားပေါ် လိုက်၍ ၅၀၀၀ ကျပ်မှ ၈၀၀၀ ဝန်းကျင်ရကြပါသည်။ နေ့စားလုပ်ခများမှာလည်း အမျိုးသားလုပ်ခမှာ အမျိုးသမီးလုပ်ခထက် အမြဲသာပါသည်။

ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေမှာ များပြားပြီး ကျေးရွာ၏ လူသားရင်းမြစ်ကောင်းတစ်ရပ် ဖြစ်သော်လည်း အလုပ်အကိုင်အခွင့်အလမ်း အလွန်ရှားပါးပါသည်။ ထို့ကြောင့် နယ်စပ်မြို့ဖြစ်သည့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြရပါသည်။ အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုကို တတ်မြောက်ခြင်းလည်း အလွန်နည်းပါးပါသည်။ ကျွန်တော်တို့ကျေးရွာတွင် ရင်းနှီးလုပ်ကိုင်ရန်အတွက် ချေးငွေများလည်းမရရှိပါ။ လူငယ်အမျိုးသား၊ အမျိုးသမီးများ ပုံမှန်ဝင်ငွေရရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းများ၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် ချေးငွေများ ပံ့ပိုးပေးနိုင်ပါက ကျေးရွာ၏အခြားဝင်ငွေရ လုပ်ငန်းများဖွံ့ဖြိုးတိုးတတ်လာပြီး ကျေးရွာ၏ စီးပွားရေးဖွံ့ဖြိုးလာနိုင်ပါသည်။

### (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျွန်တော်တို့ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲရန်အတွက် ကျေးရွာနေပြည်သူများမှာ တောင်သူတောင်သားများဖြစ်ကြ၍ မိရိုးဖလာ လုပ်ကိုင်မှုအလေ့အကျင့်သာရှိသောကြောင့် ခက်ခဲမှုများရှိပါသည်။

ကျွန်တော်တို့ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် မရှိသေးပါ။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာတွင် အတိုးနှုန်းနည်းပါးစွာဖြင့် ချေးငွေထုတ်ချေးပေးသော အဖွဲ့များ၏ အကူအညီမရှိပါ။ ကျေးရွာတွင် ငွေတိုးချေးသူ၊ မိတ်ဆွေ၊ ဆွေမျိုးများဆီမှ တစ်လလျှင် ၃ ကျပ်မှ ၅ ကျပ်နှုန်းဖြင့် ချေးယူကြပါသည်။ ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပါသည်။ များသောအားဖြင့် ကျေးရွာတွင် ငွေကြေးလက်လှမ်းမီမှု အားနည်းနေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးရွာတွင် မြစိမ်းရောင်ကဲ့သို့ အတိုးနှုန်းသက်သာသော ငွေစုငွေချေးစီမံကိန်းများ ရရှိခဲ့ပါလျှင် ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျွန်တော်တို့ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ ယခင်နှစ်များထက် တိုးတက်ဖွံ့ဖြိုးလာသည်ဟုဆိုနိုင်ပါသည်။ ယခုကျေးရွာတွင် မူလတန်းမှ မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင်ခဲ့ပြီးဖြစ်ပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသား/သူများသည် တောင်ကလေးအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ မူလတန်းလွန်အဆင့်ထိ ပြီးမြောက်သွားသော ကျောင်းသားဦးရေအချို့မှာ မိသားစုစီးပွားရေး မပြေလည်မှုကြောင့် ကျောင်းထွက်၍အလုပ်လုပ်ကိုင်ကြရပါသည်။ အချို့မိဘများသည်လည်း ပညာရေးတွင် စိတ်ပါဝင်စားမှု နည်းပါးသည်ကို တွေ့ရှိရပါသည်။ ပညာရေးအခြေခံအသင့်အတင့်သာရှိသော ကျေးရွာဖြစ်သည့်အတွက်အကျိုးဆက်မှာ အခြားသောကျေးရွာများနှင့်ယှဉ်လျှင် တိုးတက်သင့်သလောက် မတိုးတက်နိုင်သည်ကို တွေ့ရှိရပါသည်။ ကျောင်းနေအရွယ်ကလေးများ အားလုံးလိုလိုပင် ပညာသင်ကြားကြပါသည်။ ဆရာ/မများ နိုင်ငံတော်မှ တာဝန်ချထားပေးသော်လည်း ဝန်ထမ်းအင်အား လုံလောက်မှုမရှိပါ။ မူလတန်းအဆင့်မှ မူလွန်အဆင့်သို့ တိုးမြှင့်ခဲ့သော်လည်း ကျောင်းဆောင်နှင့် ဆရာအင်အားလိုအပ်ချက်ရှိပါသည်။ ကိုယ်ထူကိုယ်ထ မူကြိုကျောင်း ရှိသော်လည်း မူကြိုဆရာမနှင့် မူကြိုကလေးများအတွက် သင်ထောက်ကူများ လုံလောက်စွာ မရှိသည်ကို တွေ့ရှိရပါသည်။

ကျေးရွာသူကျေးရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာရှိ ဆေးပေးခန်း၊ တောင်ကလေးကုတင်(၁၀၀)စစ်ဆေးရုံနှင့် ဘားအံပြည်သူ့ဆေးရုံတို့သို့ ကားလမ်းဖြင့်အလွယ်တကူသွားရောက်ကာ ကျန်းမာရေးဝန်ဆောင်မှု ရရှိနိုင်ကြသည်။ တာဝန်ကျ သားဖွားဆရာမများမှလည်း စေတနာထား၍ ဆေးကုသပေးပါသည်။

ကျေးရွာ၏ သောက်သုံးရေအဖြစ် ရေတွင်းကို အများဆုံးအသုံးပြုကြပါသည်။ မိုးနှင့်ဆောင်းတွင် သောက်သုံးရေလုံလောက်မှုရှိသော်လည်း နွေရာသီတွင် ရေခမ်းခြောက်မှုကြောင့်သောက်သုံးရေ လုံလောက်မှု မရှိပါ။ ထိုကြောင့် စက်တပ်အဝီစိတွင်းများ လိုလားနေကြပါသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သောရောဂါဖြစ်ပွါးမှုများ နည်းပါးပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကျွန်တော်တို့ကျေးရွာရှိ လူငယ်များသည် ကျေးရွာ၏ ရပ်ရေး၊ရွာရေးများကို အားတက်သရောပါဝင်လေ့ရှိကြသည်။ စာအုပ်စာပေများကို လေ့လာချင်စိတ်ရှိသော်လည်း စာကြည့်တိုက်မရှိသေးပါ။ အားကစားကွင်းမရှိသော်လည်း ညနေစောင်းချိန်၌ ကွင်းပြင်တွင် ကစားလေ့ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ လူငယ်များအတွက် အပန်းဖြေ အနားယူနိုင်မည့် အနေအထား သီးသန့်မရှိပါ။

**(၈) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျွန်တော်တို့ကျေးရွာ၏ လမ်းများမှာ ကျဉ်းမြောင်းပြီး မြေသားလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် လမ်းများအလွန်ဆိုးဝါးပါသဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ရောင်းဝယ်ရေး ကိစ္စများအတွက် အခက်အခဲအနည်းငယ်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာတွင် ကွန်ကရိတံတား (၅)စင်းရှိပြီး သစ်သားတံတား(၁)စင်းရှိပါသည်။ သယ်ယူပို့ဆောင်ရေးအနေဖြင့် မော်တော်ဆိုင်ကယ်ကို အများဆုံးအသုံးပြုကြပါသည်။

ကျေးရွာရှိအိမ်ထောင်စု အများစုမှာ မဟာဓါတ်အားလိုင်းကို သွယ်တန်းအသုံးပြုနေကြပြီး ကျန်အိမ်ထောင်စုများမှာ ဆိုလာမီးကို အသုံးပြုကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်း အသုံးပြုနေကြပြီဖြစ်သည်။ ကျွန်တော်တို့ ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်တို့ကို ရေဒီယို၊ တီဗွီ၊ စလောင်းတို့မှ သိရှိနိုင်သည်။ အမ်ပီတီလိုင်းနှင့်တယ်လီနောလိုင်းသည် အသင့်အတင့် အနေအထားတွင်ရှိပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက် အဆောက်အဦမရှိသေးပါ။

**(၉)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျွန်တော်တို့ကျေးရွာတွင် တရားဥပဒေသိရှိမှု နည်းပါးကြပါသည်။ ဥပဒေအသိပညာနည်းပါးသောကြောင့် မကြောက်၊ မကြောက်သောကြောင့် ကျူးလွန်မိကြပါသည်။ တရားဥပဒေစိုးမိုးမှု ထိထိရောက်ရောက်မရှိသေးဟု ပြောနိုင်ပါသည်။ မူးယစ်ဆေးဝါး၏ အကျိုးဆက်ကို မသိကြသောကြောင့် သုံးစွဲသူအနည်းငယ်ရှိပါသည်။ ထိရောက်စွာတိုက်ဖျက်ရန်နှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အလွန်လိုအပ်ပါသည်။ ရွာတွင် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးဆောင်ရွက်မှုများ မရှိသေးပါ။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ရသနှင့် သတင်းအစုံအလင်

အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ခြင်း စသောလူနေမှုအဆင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူ ပြုနေသည်။

လူဦးရေအားလုံး၏ ၆၈.၄%သည် အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်း သင်တန်းများအား လူငယ်များကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်ပြီး နယ်စပ်မြို့ဖြစ်သည့် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်နိုင်ကြသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာ၏အဟန့်အတားနှင့်ပတ်သက်ပြီး ကျေးရွာတွင် မူလတန်းအဆင့်မှ မူလွန်အဆင့်သို့ တိုးမြှင့်ခဲ့သော်လည်း ကျောင်းဆောင်နှင့် ဆရာအင်အား လိုအပ်နေပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးများအတွက် ၁ မိုင်ခန့်ကွာဝေးသော တောင်ကလေးအထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ယူကြပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသဖြင့် ထိုင်းနိုင်ငံသို့ အများစုမှာသွားရောက်လုပ်ကိုင်ကြရသဖြင့် ရွှေ့ပြောင်းသွားလာသူများမှာ အလုပ်ကျွမ်းကျင်မှုခက်ခဲခြင်း၊ ဘာသာစကားခက်ခဲမှု၊ နေရေးထိုင်ရေးခက်ခဲမှုများ ကြုံတွေ့နိုင်သည့်အတွက် ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်လျှင် ပိုမိုအဆင်ပြေနိုင်ပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ
## (က) ဖွံ့ဖြိုးရေးပန်းတိုင်

(က.၁) ကျွန်တော်တို့ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာအောင် ကျေးရွာတွင်း လမ်းနှင့် ရွာချင်းဆက်လမ်းများ ကောင်းမွန်အောင် ပြုလုပ်ဆောင်ရွက်သွားပါမည်။

(က.၂) ကျွန်တော်တို့ကျေးရွာတွင် မူလွန်ကျောင်းဆောင်သစ်တိုးချဲ့ဖွင့်လှစ်ခြင်း နှင့် စာကြည့်တိုက်များ တည်ဆောက်ခြင်းများမှတဆင့် ပညာရေးဝန်ဆောင်မှု ကောင်းမွန်လာစေရန်နှင့် လူငယ်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေအောင် ဆောင်ရွက်သွားပါမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

- ရွာတွင်းလမ်းအား ကျောက်ချောလမ်းခင်းပေးခြင်း
- ကျောင်းအဆောက်အဦတည်ဆောက်ပေးခြင်း
- စာကြည့်တိုက် တည်ဆောက်ပေးခြင်း

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်-

(က) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

မွေးမြူရေးလုပ်ကိုင်လိုသူများ၊ စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုက်ကိုင်နေသူများအတွက် ရင်းနှီးလုပ်ကိုင်နိုင်ရန် အတိုးနှုန်းသက်သာသော ငွေစုငွေချေးအဖွဲ့များ နှင့် ချိတ်ဆက်ပေးသင့်ပါသည်။

(ခ) ဒေသနှင့်ကိုက်ညီသောလုပ်ငန်းများ ဖန်တီးပေးရေး

ကျေးရွာတွင် နေ့စဉ်ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ရာသီချိန်အလုပ်ကိုသာ မှီခိုနေရခြင်းတို့ကြောင့် ဆင်းရဲသားလက်လုပ်လက်စား ကျဘမ်းသမားများမှာ စားဝတ်နေရေး အခက်အခဲရှိပါသည်။ ထိုကြောင့် ကျဘမ်းသမားများအတွက် ဒေသနှင့် ကိုက်ညီသော အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်း များဖန်တီးပေးခြင်းများ ပြုလုပ်ပေးသင့်ပါသည်။

## ၈။စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်

များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည် ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချ ခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန် အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မှုဘောင်သည် သဘာဝဘေး အန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေး စီမံကိန်း လုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့် အနေအထားတွင် ရှိနေပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍ ဆိုင်ရာအရ ခွဲခြားခြင်း (Functional classification) နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)− ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။
-

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက် များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ် အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ

ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျေးရွာအဆောက်အအုံ* | | | | | |
| | ၁။ လမ်းပန်းဆက်သွယ် ရေးတိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ခြင်း | ၉၇ | ၁ | • ရွာတွင်းလမ်းအား ကျောက်ချောလမ်းခင်းပေးခြင်း | ကျေးလက် ဦးစီး |
| *ပညာရေး* | | | | | |
| | ၂။ ကလေးပျော်၍ ဘက်စုံ တော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊ | ၈၈ | ၂ | • ကျောင်းအဆောက်အဦတည်ဆောက်ပေးခြင်း | – |
| *လူငယ်ဖွံ့ဖြိုးရေး* | | | | | |
| | ၃။ စွမ်းရည် မြှင့်အစီအစဉ် များ လုပ်ဆောင်ခြင်း | ၈၂ | ၃ | • စာကြည့်တိုက် တည်ဆောက်ပေးခြင်း | - |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေး မည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်း မွန်အောင် ဆောင်ရွက်ခြင်း | ၁ | —— | | | | |
| ၂။ ကလေးပျော်၍ ဘက်စုံတော်စေသည့် ကျောင်းအဖြစ် ဖန်တီးတည်ဆောက်ခြင်း၊ | ၂ | | —— | | | |
| ၃။ စာကြည့်တိုက် တည်ဆောက်ပေးခြင်း | ၃ | | | —— | | |

**၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီ များရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်းအ သုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | လမ်းပန်းဆက်သွယ်ရေးတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | | | √ | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၂ | ကလေးပျော်၍ ဘက်စုံ တော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊ | | | √ | | |
| ၃ | စာကြည့်တိုက် တည်ဆောက်ပေးခြင်း | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော် ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့်တင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက် လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရ ပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်-

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖေါ်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

## (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့ကမိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ် စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံ တင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်-

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ၊
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊

